KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

ဓါတ်ပုံသတင်း

စက်တင်ဘာလ ၂၆ရက်, ၂၀၁၇ / KHRG စာအမှတ်-17-2-PS1

# တောင်ငူ၊ ညောင်လေးပင်၊ မကွေးထားဝယ်နှင့် ဒူးပလာယာ စသည့် ခရိုင်များမှ ဓါတ်ပုံသတင်း။ ခရိုင်လေးခုမှ လမ်းဆောက်လုပ်ခြင်းများနှင့် ရွာသားများ၏ စိုးရိမ်ပူပန်မှုများ

ဤဓါတ်ပုံသတင်းသည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းစုဆောင်းရယူသည့် ခရိုင်လေးခုမှ လမ်းဆောက်လုပ်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထားပြီး ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ်၊ မတ်လအထိ မှတ်တမ်းပြုစုထားသည့် လမ်းဆောက်လုပ်ခြင်းဆိုင်ရာ ဓါတ်ပုံသတင်းများ ဖြစ်ကြပါသည်။ လမ်းဆောက်လုပ်ခြင်းကို မြန်မာအစိုးရ၊ တပ်မတော်နှင့် ကုမ္ပဏီများမှ အကောင်အထည်ဖော် ဆောက်ရွက်ပြီး ကုမ္ပဏီအချို့၏ အမည်များ မသိရပါ။ လမ်းဆောက်လုပ်ခြင်းသည် တိုင်းပြည်တစ်ခု၏ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာရန် ရည်ရွယ်ပြီး ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ဆောင်သည့်တိုင်အောင် လမ်းဆောက်လုပ်စဉ် ကာလအတွင်း ဖြစ်ပေါ်လာသော မြေယာနှင့် စိုက်ပျိုးပင်များ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းကြောင့် ဒေသခံ ရွာသူရွာသားများသည် လမ်းဆောက်လုပ်ခြင်းနှင့် ပတ်သက်ပြီး အပျက်သဘောဆောင်သော အမြင်များ ဆက်လက်ရှိနေဆဲ ဖြစ်ပါသည်။ လမ်းဆောက်လုပ်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဒေသခံများနှင့် ကောင်းမွန်မှန်ကန်စွာ ကြိုတင်အသိပေး ညှိနှိုင်းပြောဆိုဆွေးနွေးမှုများ ပြုလုပ်ခြင်း မရှိသဖြင့် ရွာသူရွာသားများအနေဖြင့် ၄င်းတို့အား စိုးရိမ်ပူပန်မှု ဖြစ်စေပါသည်။ ထို့အပြင် လမ်းဆောက်လုပ်ခြင်းအား တပ်မတော်မှ အကောင်အထည်ဖော် လုပ်ဆောင်သောအခါ ဖြစ်ပေါ်လာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများအတွက် ရွာသူရွာသားများအနေဖြင့် တိုင်ကြားရန် သို့မဟုတ် နစ်နာကြေး တောင်းဆိုရန် မလုပ်ဆောင်ရဲကြပေ။

## ဓါတ်ပုံသတင်း | တောင်ငူ၊ ညောင်လေးပင်၊ မကွေးထားဝယ်နှင့် ဒူးပလာယာ ခရိုင် (၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၇ခုနှစ်၊ မတ်လ အထိ)

*အောက်ပါဓါတ်ပုံများသည် လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ လေ့ကျင့်သင်ကြားပေး ထားသော တောင်ငူ၊ ညောင်လေးပင်၊ မကွေးထားဝယ်နှင့် ဒူးပလာယာ ခရိုင်များရှိ ဒေသခံအဖွဲ့ဝင်များမှ ရိုက်ကူးခဲ့သော ပုံများ ဖြစ်ပါသည်။ ၄င်းတို့အား အောက်တွင်ဖော်ပြထားပြီး လုံခြုံရေးဆိုင်ရာအတွက် အရေးကြီးသည့် နေရာတွင် စီစစ်ဖြတ်တောက် ထားပါ သည်။[1] အောက်ဖော်ပြပါ ဓါတ်ပုံ ၂၂ ပုံတို့အား အခြားသော ဓါတ်ပုံ၊ တွေ့ဆုံမေးမြန်းခန်းနှင့် နောက်ဆုံးရ အထွေထွေ အခြေအနေတင်ပြချက် အပါအဝင် တောင်ငူ၊ ညောင်လေးပင်၊ မကွေးထားဝယ်နှင့် ဒူးပလာယာ ခရိုင်များမှ သတင်းများနှင့် အတူ ရရှိထားပါသည်။*





[1] လူ့အခွင့်အရေးဖြစ်ပျက်ချိုးဖောက်မှု သတင်းအချက်အလက် တစ်ခုချင်းစီအား လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ရွာသူသားများ အား ဖြစ်ရပ်များဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၄င်းတို့ရင်းနီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံးရ သတင်း အခြေအနေများအား ရေးသားတင်ပြနိုင်ရန်အတွက် မြန်မာပြည် အရှေ့ပိုင်းတွင်ရှိသော ဒေသခံ အဖွဲ့ဝင်များအား ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှလေ့ကျင့်သင် ကြားပေးပါသည်။

 

ပထမပုံ ၂ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့ ၊ အ---ရွာ၏ မြောက်ဘက်၊ ရှမ်းလယ်ပြင် ကျေးရွာအုပ်စု၊ လိပ်သိုမြို့၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင် တွင် ရိုက်ကူးထားပါသည်။ အသစ်စက်စက် ဖောက်လုပ်ထားသော လမ်း၏ ပုံနှင့် ကရင်ပြည်နယ် အစိုးရမှ အကောင်အထည်ဖော် လုပ်ဆောင်သော နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်း ဟု ဖော်ပြထားသော ဆိုင်းဘုတ်တစ်ခု၏ ပုံဖြစ်ပါသည်။ ဆိုင်းဘုတ်မှ ဖော်ပြထားသော သတင်းအချက်အလက်များအရ စီမံကိန်း၏ အမည်မှာ လိပ်သို ရှမ်းလယ်ပြင် မြေသားလမ်း (၃/၂) မိုင် ဖြစ်ပြီး လမ်းဆောက်လုပ်သည့် ကာလမှာ ၂၀၁၆-၂၀၁၇ခုနှစ်အတွင်း ဖြစ်ပါသည်။ ဆောက်လုပ်ရေးအတွက် အသုံးပြုသည့် ဘဏ်ဒဏ်ရေးမှာ ကျပ် (၅၆.၃၈၃) သန်း ဖြစ်ပါသည်။ ဤလမ်းကို ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် စတင်ဆောက်လုပ်ပြီး ၂၀၁၇ခုနှစ်၊ မတ်လတွင် ပြီးစီးခဲ့ပါသည်။ ဝေဘုန်းကျော်ကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်ခြင်း ဖြစ်ပါသည်။ ဤပုံများသည် မှတ်တမ်းပြုစုသည့် ကာလအတွင်း တောင်ငူခရိုင်တွင် လမ်းဆောက်လုပ်ခြင်း မည်မျှ လုပ်ဆောင်နေသည်ကို ပြသခြင်းသာ ဖြစ်ပါသည်။ ထို့အတွက် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်အနေဖြင့် ရွာသားများအား လမ်းဆောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ တွေ့ဆုံ မေးမြန်းခဲ့ခြင်း မရှိပေ။ *[ဓါတ်ပုံ - KHRG]*

ဒုတိယပုံ ၂ပုံကိုမူ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့၊ ဘ---[တောင်အောက်ရွာ]၊ မိတ်သလင်တောင် ကျေးရွာအုပ်စု၊ လိပ်သိုမြို့၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင်တွင် ရိုက်ကူးထားပါသည်။ ဝေဘုန်းကျော်ကုမ္ပဏီမှ လမ်းဆောက်လုပ်နေသည့် ပုံဖြစ်ပါသည်။ ကုမ္ပဏီ၏ ပိုင်ရှင်မှာ ဌာနေပြည်သူ့စစ်အဖွဲ့ [သံတောင် ငြိမ်းချမ်းရေးအဖွဲ့] မှ ဗိုလ် ကျော်ဝင်း ဖြစ်ပါသည်။ လမ်းဆောက်လုပ်သူအတွက် ဌာနေပြည်သူ့စစ်အဖွဲ့၏ စစ်သားတစ်ဦးမှ လုပ်ခြုံရေး ယူထားပေးပါသည်။ *[ဓါတ်ပုံ - KHRG]*

 

 

ပထမ ဓါတ်ပုံနှစ်ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ ၊ညောင်လေးပင် ခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် ရိုက်ကူးခဲ့ပါသည်။ မြန်မာအစိုးရ၏ သဘောတူညီချက်ဖြင့် စ---ရွာမှ ဒ---ရွာအထိ လမ်းအား ၃၄ပေအထိ ချဲ့ထွင်ဖောက်လုပ်သည့် စီမံကိန်းကြောင့် စောမီးလူး၊ ခူးဖူး၊ ကလဲခဲခို နှင့် ခဲဒဲ စသည့် ကျေးရွာအုပ်စုများမှ ရွာသားများသည် ၎င်းတို့၏ လယ်ယာမြေနှင့် စိုက်ပျိုးပင်များ ပြင်းထန်စွာ ထိခိုက်ပျက်စီးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ လမ်းတိုးချဲ့ဖောက်လုပ်ခြင်းနှင့် စပ်လျဥ်း၍ ဒေသခံ နှင့် လမ်းဆောက်လုပ်သူများအကြား တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခြင်း မရှိပေ။ လမ်းဆောက်လုပ်သူများမှ လမ်းဆောက်လုပ်စဉ် တပ်မတော် ခြေမြန်တပ်ရင်း အမှတ် (၆၀) နှင့် ခြေလျင်တပ်ရင်း အမှတ် (၃၄၉) တို့သည် ၎င်းတို့ကို ကာကွယ်ပေးထားပါသည်။ ပုံတွင် မြင်ရသည့်အတိုင်း လမ်းဖောက်လုပ်ခြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သော မြေယာနှင့် နောက်ထပ် ထိခိုက်ပျက်စီးမည့် မြေယာများကို ပြနေပါသည်။ လမ်းတိုးချဲ့ဖောက်လုပ်မှုကို ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်နေ့တွင် စတင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ *[ဓါတ်ပုံ - KHRG]*

ဒုတိယပုံ နှစ်ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၇ခုနှစ်၊ ဧပြီလ ၆ရက်နေ့၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မူသဲကျေးရွာအုပ်စု၊ ခ---ရွာ၊ တွင် ရိုက်ကူးထားပါသည်။ စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တပ်မတော် အင်ဂျင်နီယာတပ်ရင်း အမှတ် (၉၁၁)မှ မ---ရွာနှင့် ခ---ရွာကြားရှိ လမ်းအား အကျယ် ၄၆ပေမှ ၅၀ ပေအထိ တိုးချဲ့ဆောက်လုပ်နေသည့်ပုံ ဖြစ်ပါသည်။ ကျောက်ကြီးမြို့နယ်၊ ခဲဒိုးကျေးရွာအုပ်စု၊ ခ---ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ "*အကယ်၍ လမ်းကို ပိုကောင်းအောင် တိုးချဲ့ဆောက်လုပ်မယ်ဆိုရင် ကျွန်တော် ဒေသထဲမှာ ကုမ္ပဏီတွေ ဝင်ရောက်လာနိုင်တယ်။ သူတို့ (ကုမ္ပဏီ)တွေ ရွှေတူးတာတို့ ကျောက်တူးတာတို့ လုပ်ဆောင်မှာကို ကျွန်တော်တို့ စိုးရိမ်နေရတယ်။ သူတို့ အများကြီး လုပ်ဆောင်လို့ရတယ်။ အဲဒီကုမ္ပဏီတွေက ကျွန်တော်တို့ ဒေသထဲကို သစ်ထုတ်လုပ်ရေး လုပ်ငန်းလုပ်မှာကိုလည်း စိုးရိမ်နေရတယ်။ ဘယ်လိုဘဲ ဖြစ်ဖြစ် ကျွန်တော်တို့ ဘာမှမတတ်နိုင်ဘူးလေ။ ကျွန်တော်တို့ လုပ်နိုင်တာဆိုလို့ စိုးရိမ်တာဘဲ ရှိတယ်။ အဲဒီ လုပ်ငန်းတွေ လုပ်ဆောင်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဒေသခံတွေ ဒုက္ခများစွာနဲ့ ရင်ဆိုင်ကြုံတွေ့ ရလိမ့်မယ်။*" *[ဓါတ်ပုံ - KHRG]*



ဤဓါတ်ပုံ လေးပုံ ကို  ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ  ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့ ၊ ဖ---ရွာ၊ ကတပ်ကလိုးဒေသ၊ တနသ်ာရီ မြို့နယ်၊ မကွေးထားဝယ်ခရိုင်တွင် ရိုက်ကူးထားပါသည်။ ၎င်းမှာ ဘဏ်ကနေတစ်ဆင့် မြန်မာအစိုးရမှ ငွေကြေးထောက်ပံ့ပေးထားသော ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ခုမှ လမ်းဆောက်လုပ်နေသည့် ပုံဖြစ်ပါသည်။ အဆိုပါ လမ်းဆောက်လုပ်ခြင်းသည် ၂၀၁၄ခုနှစ်ကတည်းက စတင်ဆောက်လုပ်ခဲ့ပြီး ယခုအချိန်ထိ ဆက်လက်ဆောက်လုပ်နေဆဲ ဖြစ်ပါသည်။ အထက်ပါ ပထမဆုံးပုံမှ မြင်တွေ့ရသည့်အတိုင်း လမ်းဆောက်လုပ်ရေးတွင် အသုံးပြုရန်အတွက် စောဂ--- အမည်ရှိ ရွာသားတစ်ဦး၏ မြေပေါ်မှ ကျောက်တုံးများကို လမ်းဆောက်လုပ်သူများမှ ပြောင်းရွှေ့သယ်ယူနေပါသည်။ ထို့အပြင်သူ၏ သီဟိုလ်ခြံအား ဖြတ်၍ လမ်းကို ဖောက်လုပ်သည့်အတွက် သူ၏ သီဟိုလ်ပင်များ ထိခိုက်ပျက်စီးခဲ့ရပါသည်။ ထိုမျှမက ကျောက်တုံးများအား သူ၏ ရော်ဘာခြံထဲသို့ ပစ်ထည့်သဖြင့် သူ၏ ရော်ဘာပင်များကို ထိခိုက်ပျက်စီးစေပြီး ရော်ဘာပင်များ ခြစ်၍ မရတော့ပေ။ လမ်းဆောက်လုပ်သူများမှ သူ၏ ခြံထဲရှိ ကျောက်တုံးများကို ခွင့်ပြုချက် မတောင်းဘဲ တူးဖော်ထုတ်ယူခြင်းနှင့် လမ်းဆောက်လုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော မြေယာနှင့် စိုက်ပျိုးပင်များအတွက် သူ့အား မည်သည့် လျော်ကြေးငွေ တစ်စုံတစ်ရာမှ ပေးဆောင်ခြင်း မရှိပေ။ *[ဓါတ်ပုံ - KHRG]*






ဤဓါတ်ပုံ နှစ်ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီ ၁၈နေ့၊ ဟ---ရွာ၊ အနန်းကွင်းကျေးရွာအုပ်စု၊ ဝင်းရေးမြို့နယ်၊ ဒူးပလာယာခရိုင် တွင် ရိုက်ကူးထားပါသည်။ သံဖြူဇရပ် - ဘုရားသုံးဆူ လမ်းဆောက်လုပ်ခြင်းကြောင့် ထိခိုက်ပျက်စီးသွားသော ကိုန--- အမည်ရှိ ရွာသားတစ်ဦး ပိုင်မြေ ၏ ပုံဖြစ်ပါသည်။ လမ်းဆောက်လုပ်ခြင်းသည် ကိုန--- မြေယာအား ဖြတ်ကျော်သွားပါသည်။ လမ်း၏ နှစ်ဖက်စလုံးမှ တူးထားသော ရေမြောင်းများသည် မြေကြီးများကျဝင်သွားသောကြောင့် လမ်းဆောက်လုပ်သူများမှ မြေကြီးများကို ပြန်လည် တူးဖော်ခဲ့ပါသည်။ ကိုန---သည် သူ၏ မြေယာ ထိခိုက်ပျက်စီးသွားခဲ့သော်လည်း လျော်ကြေးငွေ တစ်စုံတစ်ရာ ရရှိခြင်း မရှိပေ။ ရွာသားများမှ တင်ပြသည်မှာ "*ကျွန်တော်တို့ ရွာသားတွေဟာလည်း လူသားတွေပါ။ ဘာဖြစ်လို့များ ကျွန်တော်တို့မှာ လူ့အခွင့်အရေး ခံစားခွင့် မရှိရတာလဲ။ ဘာဖြစ်လို့ မြန်မာအစိုးနဲ့ KNU ခေါင်းဆောင်များက ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးကို အသိအမှတ်မပြုရတာလည်း*" ဟူ၍ ဖြစ်ပါသည်။ *[ဓါတ်ပုံ - KHRG]*









ဤဓါတ်ပုံများကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၇ခုနှစ်၊ မတ်လ ၁၁ရက်နေ့၊ လ---ရွာ၊ ဝေါ့လူးကျေးရွာအုပ်စု၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပလာယာခရိုင်တွင် ရိုက်ကူးထားပါသည်။ ပုံတွင် ဖော်ပြထားသည့်အတိုင်း အမည်မသိ ကုမ္ပဏီတစ်ခုမှ ကျောက်တောင်တစ်ခုအား ဖောက်ခွဲခြင်းကြောင့် လ---ရွာသားတစ်ဦး၏ မြေကို ထိခိုက်ပျက်စီးသွားသည့်ပုံကို မြင်တွေ့နိုင်ပါသည်။ ထိုကြောင့် အဆိုပါ မြေပိုင်ရှင်မှ ကုမ္ပဏီအား နစ်နာကြေးအဖြစ် သူ့အတွက်နှင့် အခြားရွာသားများလည်း နွေရာသီနှင့် မိုးရာသီနှစ်ခုစလုံး သွားလာနိုင်အောင် လမ်းတစ်လမ်း ဖောက်လုပ်ခိုင်းပါသည်။ မြေပိုင်ရှင်၏ တောင်းဆိုမှုကို ကျောက်ဖောက်ခွဲမှုအား ဦးဆောင်သူမှ သဘောတူလိုက်ပါသည်။ မေလတွင် ထပ်မံရရှိသော သတင်းအချက်အလက်အရ အဆိုပါ အချိန်ထိ ကုမ္ပဏီမှ လမ်းအား စတင်ဆောက်လုပ်ပေးခြင်း မရှိသေးပေ။ ကျောက်တူးဖော်မှု၏ ရည်ရွယ်ချက်မှာ လမ်းဆောက်ရေး စီမံကိန်းအတွက် လမ်းခင်းရန် ကတ္တရာ ထုတ်လုပ်ဖို့ ဖြစ်ပါသည်။ ကျောက်တူးဖော်မှု စီမံကိန်းမှာ သုံးနှစ်ဖြစ်ပြီး စာချုပ်ပြီးဆုံးသွားပါက ကုမ္ပဏီမှ အဆိုပါ ကျောက်တောင်အား ကျောက်များ ကုန်သွားသည် ဖြစ်စေ မကုန်သည် ဖြစ်စေ တူးဖော်မှု ရပ်တန့်သွားမည် ဖြစ်ပါသည်။ ရွာသား တစ်ဦးမှ တင်ပြသည်မှာ *"အခြေအနေကို ကျွန်တော်တို့ စောင့်ကြည့်ရမယ်။ သူတို့ [ကုမ္ပဏီ]က ကျွန်တော်တို့ ရွာသားတွေအတွက် လမ်းမဆောက်လုပ်ပေးဘူးဆိုရင်တော့ ခရိုင်အဆင့်ရှိ ခေါင်းဆောင်များထံကို တင်ပြသွားမယ်။"* ဟုဆိုပါသည်။ *[ဓါတ်ပုံ: KHRG]*




ဤဓါတ်ပုံလေးပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံ အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက်နေ့၊ က---ရွာ၊ တခါကလိုး (ကျခတ်ချောင်း) ကျေးရွာအုပ်စု၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒူးပယာခရိုင်တွင် ရိုက်ကူးထားပါသည်။ မြန်မာအစိုးရမှ ၂၀၁၇ခုနှစ်အတွင်း လမ်းအား ချဲ့ထွင်ဆောက်လုပ်နေသည့် ပုံဖြစ်ပါသည်။ လမ်းတိုးချဲ့ဆောက်လုပ်မှုကြောင့် ရွာသားများ၏ မြေယာနှင့် အိမ်များ ထိခိုက်ပျက်စီးခဲ့ရပြီး ရလဒ်အနေဖြင့် ရွာသား ထိုအတွက် စိတ်မကောင်း ဖြစ်ကြရပါသည်။ သို့သော် ရွာသားများမှာမူ မြန်မာအစိုးရအား မည်သည့် ပြောဆိုတင်ပြမှုတစ်စုံတစ်ရာကိုမှ ပြုလုပ်ရန် မဝံ့ရဲကြပေ။ ဤကား လမ်းဆောက်လုပ်ခြင်းကိစ္စအများစုတွင် ဒေသခံရွာသားများသည် သူတို့ ရင်ဆိုင်ခံစားရသော ပျက်စီးဆုံးရှုံးမှုများကို တင်ပြရန် မည်သို့မည်ပုံ

လုပ်ဆောင်ရမည်ကို အသိပညာ နည်းပါးခြင်းနှင့် ဗဟုသုတ မရှိခြင်း များကြောင့် ဖြစ်ပြီး တိုင်ကြားမှုများ ပြုလုပ်ပါက နောက်ဆက်တွဲ ဆိုးကျိုးများ ရှိလာမည်ကိုလည်း စိုးရိမ်နေကြခြင်းကြောင့်လည်း ဖြစ်ပါသည်။ *[ဓါတ်ပုံ - KHRG]*